## ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ
## ပဥ္စမနေ့ဆက်လက်ကျင်းပ

နေပြည်တော်၊ ဒီဇင်ဘာလ (၂၁) ရက်

၂၀၂၁ ခုနှစ်၊ ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium) ပဥ္စမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လည်းကောင်း လွတ်လပ်စွာ စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၂၅၁ မှ ၅၀၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၅ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာပြီး ယနေ့ပြပွဲ ပဥ္စမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၅၀၁ မှ ၇၈၀)အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှု စစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၅၀၁ မှ ၇၈၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃ နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၂ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၇၈၀ ကို ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များ စိတ်ကြိုက် လေ့လာဝယ်ယူနိုင်စေရန် ခင်းကျင်းပြသပေးခဲ့ပြီး ပြပွဲဒုတိယနေ့မှစတင်၍ ပုလဲအတွဲအမှတ် (၁ မှ ၂၂၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲအမှတ် (၂၂၁ မှ ၃၃၀) အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၁၁၀ နှင့် ကျောက်စိမ်းအတွဲအမှတ် (၁ မှ ၂၅၀)အထိ ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရှိရသည်။